# Semperit ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး၊ ပတ်ဝန်းကျင်၊ စွမ်းအင်နှင့် အရည်အသွေးဆိုင်ရာ မူဝါဒ

Health ကျန်းမာရေး | Safety လုံခြုံမှု | Environment ပတ်ဝန်းကျင် | Energy စွမ်းအင် | Quality အရည်အသွေး

**Semperit AG Holding သည် ဆေးပညာနှင့် စက်မှုလုပ်ငန်း ကဏ္ဍများအတွက် အထူးပြု ထုတ်ကုန်များ ဖန်တီး၊ ထုတ်လုပ်၊ ရောင်းချလျက်ရှိသည့် နိုင်ငံတကာလုပ်ငန်း အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ Semperit အမှတ်တံဆိပ်၏ ရေရှည်အောင်မြင်မှုသည် ရာဘာနှင့် ပလတ်စတစ် ကိုင်တွယ်ပြောင်းလဲမှု နယ်ပယ်တွင် အဓိက ကျွမ်းကျင်မှု၊ စွမ်းဆောင်ရည် ပြည့်ဝမှုအပြင် ကျွန်ုပ်တို့မိတ်ဖက်များမှ ကျွန်ုပ်တို့အပေါ် နေ့စဉ်နေ့တိုင်း ယုံကြည်မှုအပေါ် အခြေခံထားပါသည်။ ကျွန်ုပ်တို့သည် လုပ်ငန်းနယ်ပယ်အတွင်း အမြင့်ဆုံးအဆင့်၌ ဆက်လက်ရှိနိုင်ရန် စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်လျက်ရှိပြီး ဖောက်သည်များအား ၎င်းတို့အသားကျနေသည့် အရည်အသွေးနှင့် ယုံကြည်အားကိုးရမှုတို့ကို ဆက်လက်ဖြည့်စည်းနိုင်ရန် လုပ်ဆောင်လျက် ရှိပါသည်။**

**ဤအောင်မြင်မှုသည် လူများနှင့် ပတ်ဝန်းကျင်တို့ကို မပျက်စီးစေဘဲ ကျွန်ုပ်တို့၏ လှုပ်ရှားမှုများ၊ လုပ်ငန်းစဉ်များနှင့် ထုတ်ကုန်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စွမ်းအပေါ် မူတည်နေပါသည်။ ဤအောင်မြင်မှုသည် လူများနှင့် ပတ်ဝန်းကျင်တို့ကို မပျက်စီးစေဘဲ ကျွန်ုပ်တို့၏ လှုပ်ရှားမှုများ၊ လုပ်ငန်းစဉ်များနှင့် ထုတ်ကုန်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စွမ်းအပေါ် မူတည်နေပါသည်။ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး၊ ပတ်ဝန်းကျင်၊ စွမ်းအင်နှင့် အရည်အသွေး (HSEQ) တို့သည် ကျွန်ုပ်တို့လုပ်ငန်းအတွက် မရှိမဖြစ် အရေးပါသည့် အစိတ်အပိုင်းများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ ကန်ထရိုက်တာများ၊ ပစ္စည်းထောက်ပံ့သူများနှင့် အခြားလုပ်ငန်းလက်တွဲဖော်များသည် ဤမူဝါဒနှင့် ကျွန်ုပ်တို့၏ စီမံခန့်ခွဲမှုစနစ်တို့တွင် ဖော်ပြထားသည့် အခြေခံ သဘောတရားများကို လက်ခံကျင့်သုံးကြမည်ဟု မျှော်လင့်ပါသည်။ ယခုမူဝါဒသည် ကျွန်ုပ်တို့၏ အသင်းအဖွဲ့ဆိုင်ရာ တန်ဖိုးများနှင့် စံနှုန်းများကို ကိုယ်စားပြုပြီး ပုံမှန်လည်း ပြန်လည်သုံးသပ် ပြင်ဆင်ထားပါသည်။**

## ကျွန်ုပ်တို့၏ အခြေခံသဘောတရားများ

- ကျွန်ုပ်တို့ လုပ်ငန်းဆောင်ရွက်ရာ နိုင်ငံတိုင်း၏ ဥပဒေရေးရာ လိုအပ်ချက်များနှင့် အခြားသက်ဆိုင်ရာ လိုအပ်ချက်များကို လိုက်နာပြီး OH&S ကိစ္စရပ်များအတွက် ကျွန်ုပ်တို့ ဝန်ထမ်းများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ၎င်းတို့ပါဝင်ခြင်းတို့ ရရှိနိုင်ရန် အားထုတ်ဆောင်ရွက်နေပါသည်။
- ဝန်ထမ်းအားလုံးသည် ရေရှည်တည်တံ့သည့် တိုးတက်မှုများ ရရှိရန် လုပ်ဆောင်ရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ တိုးတက်စေရန် အကြံပြုချက်များကို ထိရောက်မှုအပေါ် မူတည်၍ အကဲဖြတ်သွားမည်ဖြစ်ပြီး သင့်လျော်ပါက အလျင်အမြန် အကောင်အထည်ဖော်နိုင်မှုအလိုက် အသိအမှတ်ပြုသွားပါမည်။
- နေရာတိုင်း၊ အဆင့်တိုင်း စဉ်ဆက်မပြတ် တိုးတက်စေရန်အတွက် ကျွန်ုပ်တို့၏ ရည်မှန်းချက်များ၊ ဦးတည်ချက်များနှင့် အစီအစဉ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ HSEQ တွေးတောပုံသည် အခြေခံဖြစ်ကြောင်းကို နားလည်သဘောပေါက်ပါသည်။ ကျွန်ုပ်တို့ ရည်မှန်းချက်များသို့ လှမ်းချီနိုင်ရန်အတွက် ကျွန်ုပ်တို့ ဝန်ထမ်းအားလုံး၏ အရည်အချင်း ပြည့်မီမှုနှင့် သိနားလည်မှုတို့ကို သင့်လျော်သည့် လေ့ကျင့်ရေး၊ သတင်းအချက်အလက်နှင့် ညွှန်ကြားချက်များအပြင် သင့်လျော်သည့် နိုင်ငံတကာ စံနှုန်းများ အသုံးချခြင်းနှင့် သက်ဆိုင်လိုအပ်သည့် ရင်းမြစ်များဖြင့် ပံ့ပိုးပေးခြင်းတို့ဖြင့် စနစ်တကျ တိုးမြှင့်ပေးလျက် ရှိပါသည်။
- ကျွန်ုပ်တို့ ဝန်ထမ်းအားလုံးသည် ကျွန်ုပ်တို့ Semperit ပူးပေါင်းစီမံခန့်ခွဲမှုစနစ်အတိုင်း လုပ်ဆောင်နိုင်ရန်နှင့် ထိန်းသိမ်းနိုင်ရန် ၎င်းတို့၏ တာဝန်နှင့် ဝတ္တရားများကို နားလည်သဘောပေါက်စေရန် လုပ်ဆောင်ထားပါသည်။
- ကျွန်ုပ်တို့သည် အရေးပေါ်ဖြစ်စဉ်၊ အကြပ်အတည်း၊ လုပ်ငန်းချို့ယွင်းမှု မှန်သမျှအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းများ လုပ်ဆောင်နိုင်ပါသည်။ HSEQ နှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှု အားလုံးကို ပြန်လည်သုံးသပ်ပြီး သင့်လျော်သည့် လုပ်ဆောင်ချက်များဖြင့် တုံ့ပြန်ပေးပါမည်။

### ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး

- ကျွန်ုပ်တို့၏ "မတော်တဆမှု လုံးဝမရှိစေရေး" ဦးတည်ချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး အန္တရာယ်များကို လစ်လျူရှုပြီး လုပ်ဆောင်ရသည်အထိ အရေးကြီးသော လုပ်ငန်းဟူ၍ မရှိကြောင်း အထူးသတိပေးလိုပါသည်။
- ကျွန်ုပ်တို့၏ အဆောက်အဦများကို ဘေးကင်းလုံခြုံမှု အကောင်းဆုံးဖြစ်စေရန်နှင့် ဘေးအန္တရာယ်များကို ရှာဖွေ၊ ဖယ်ရှား၊ ကာကွယ်နိုင်ရန်၊ ကျွန်ုပ်တို့၏ ဝန်ထမ်းများ၊ ဖောက်သည်များ၊ ဧည့်သည်များ၊ ပစ္စည်း ထောက်ပံ့သူများ၊ ကန်ထရိုက်တာများနှင့် အခြား အရေးပါ သက်ဆိုင်သူ များကို မတော်တဆမှု များနှင့် အလုပ်နှင့်ပတ်သက်၍ ဖျားနာမှုများမှ ကာကွယ်ပေးရန်အတွက် ထိခိုက်နိုင်ခြေကို အနည်းဆုံးအထိ လျှော့ချနိုင်ရန် ပုံစံထုတ်၊ စီမံကွပ်ကဲ၊ လည်ပတ်လျက် ရှိပါသည်။
- ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအပေါ် ထိခိုက်မှု များကို အနည်းဆုံးအထိ လျှော့ချနိုင်ရန်အတွက် ကျွန်ုပ်တို့ ထုတ်ကုန်များနှင့် လုပ်ငန်းစဉ်များတွင် အသုံးပြုသည့် အန္တရာယ်ပေးနိုင်သော ဓာတုပစ္စည်း များနှင့် အခြားပစ္စည်းများကို လိုအပ်သလို ရှောင်ရှားခြင်း၊ လဲလှယ်အသုံးပြုခြင်းများ လုပ်ဆောင်သွားပါမည်။
- ကျွန်ုပ်တို့သည် အလုပ်လုပ်ကိုင်ရသည့် အခြေအနေများ၊ ကျန်းမာရေး တိုးတက်ကောင်းမွန်ရေး အစီအစဉ်များနှင့် ဆေးပညာ ဝန်ဆောင်မှုများကို အဆင့်မြှင့်တင်ပေးခြင်းဖြင့် ကျွန်ုပ်တို့ ဝန်ထမ်းများ၏ ကျန်းမာရေးအပေါ် အာရုံစိုက် လုပ်ဆောင်လျက် ရှိပါသည်။
- ကျွန်ုပ်တို ဝန်ထမ်းများအတွက် လိုအပ်သည်

### ပတ်ဝန်းကျင်နှင့် စွမ်းအင်

- ကျွန်ုပ်တို့သည် ထုတ်ကုန်သက်တမ်း တစ်လျှောက်တွင် အထူးသဖြင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက် ရေရှည်တည်တံ့သော ပတ်ဝန်းကျင် ကာကွယ်ရာတွင် ပါဝင်အားဖြည့်ပေးနိုင်သည့် လုပ်ငန်းစဉ်များ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဖန်တီးလျက်ရှိပါသည်။
- ကျွန်ုပ်တို့သည် သယံဇာတများကို ထိရောက်စွာ အသုံးပြုလျက်ရှိပြီး မြေထု၊ လေထု၊ ရေပြင်သို့ ထုတ်လွှတ်မှုများနှင့် အညစ်အကြေးများ ကဲ့သို့သော ညစ်ညမ်းမှုများမှ ကာကွယ်ပေး လျက်ရှိသည်။ ကျွန်ုပ်တို့သည် ဖြစ်နိုင်ပါက ပစ္စည်းများကို ကုမ္ပဏီတွင်း၌ ပြန်သုံးနိုင်ရန် လုပ်ဆောင်လျက်ရှိပြီး ရီဆိုင်ကယ် လုပ်ထားသည့် ပစ္စည်းများအား အသံပြုရန် အားပေးထောက်ခံထားပါသည်။
- ကျွန်ုပ်တို့သည် စွမ်းအင်ထိရောက်စွာ အသုံးပြုမှု၊ CO2 ထုတ်လွှတ်မှုများ၊ ရေသုံးစွဲမှုနှင့် အညစ်အကြေးတို့အား ရေရှည်တည်တံ့သော စွမ်းဆောင်ရည်အတွက် အရေးကြီး အစိတ်အပိုင်းများအဖြစ် သတ်မှတ်ထားပါသည်။
- ကျွန်ုပ်တို့သည် ဓာတုပစ္စည်းများနှင့် အန္တရာယ်ပေး နိုင်သည့် ပစ္စည်းများအား ဘေးကင်းလုံခြုံစွာ ကိုင်တွယ်နိုင်ရန်၊ သိမ်းဆည်းနိုင်ရန် လုပ်ဆောင်လျက် ရှိပါသည်။

### အရည်အသွေး

- အရည်အသွေးသည် ကျွန်ုပ်တို့လုပ်ငန်း၏ မရှိမဖြစ် အစိတ်အပိုင်းတစ်ခု ဖြစ်သည်ကို နားလည် သဘောပေါက်ပြီး ဝန်ဆောင်မှု သဘောတရားအား လုပ်ငန်းစဉ်နှင့် ဝန်ဆောင်မှု အားလုံးသို့ ဖြန့်ကျက်နိုင်ရန် အမြဲမပြတ် လုပ်ဆောင်နေပါသည်။
- ကျွန်ုပ်တို့သည် ချွတာကျစ်လစ်သည့် ပုံစံဖြင့် ကျွန်ုပ်တို့ ဖောက်သည်များနှင့် ထုတ်ကုန်များ၏ လိုအပ်ချက်များ နှင့်အညီ "ချို့ယွင်းမှု လုံးဝမရှိရန် စဉ်းစားခြင်း" အပေါ် အခြေခံ၍ ထုတ်ကုန်များကို ထုတ်လုပ်လျက်ရှိပါသည်။
- ကျွန်ုပ်တို့သည် ပစ္စည်းထောက်ပံ့သူများနှင့် ဖောက်သည်များ အတွက် ထုတ်ကုန်အရည်အသွေး၊ နည်းပညာပိုင်း တိုးတက်မှုနှင့် ကုန်ကျစရိတ်အလိုက် ထိရောက်မှုတို့နှင့် ပတ်သက်လျှင် ရေရှည်ပူးပေါင်းနိုင်သည့် အားကိုးယုံကြည်ရသော မိတ်ဖက်တစ်ဦး ဖြစ်ပါသည်။
- ကျွန်ုပ်တို့ တိုးတက်ရန် အလားအလာများနှင့် ပတ်သက်ပြီး ဖောက်သည်များထံမှ တုံ့ပြန် အကြံပြုချက်များ တောင်းခံလျက်ရှိပါသည်။
- ကျွန်ုပ်တို့သည် ထုတ်ကုန်ပုံစံထုတ်ခြင်းမှသည် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ရောင်းချပြီး နောက်ဆက်တွဲ ဝန်ဆောင်မှုများအထိ လုပ်ငန်းစဉ် အားလုံးတွင် ထုတ်ကုန်ဘေးကင်းလုံခြုံရေးကို ထိန်းသိမ်းနိုင်ရန် အထူးလုပ်ဆောင်ထားပါသည်။

စီမံခန့်ခွဲရေး ဘုတ်အဖွဲ့နှင့် ဝန်ထမ်းအားလုံးသည် စဉ်ဆက်မပြတ် တိုးတက်မှုဖြင့် ရေရှည်တည်မြဲသော ဈေးကွက်တွင်းပြိုင်ဆိုင်နိုင်မှုနှင့် အောင်မြင်မှုတို့ကို မလွဲမသွေ ရရှိနိုင်သည်ဟု အလေးပေး ဆောင်ရွက်ခြင်းဖြင့် ဤ HSEQ မူဝါဒအတွက် အားထုတ်လုပ်ဆောင်လျက် ရှိသည်။

**Dr Martin Füllenbach**
CEO

**Petra Preining**
CFO

**Kristian Brok**
COO

SEMPERIT

ဗားရှင်း 4 – 06/2021